ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂၊ အမှတ် ၃ | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## (၂၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း



(၂၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ၊ Sule Shangri-La Hotel ၊ အင်းဝခန်းမ၌ ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ (၁၅) ရက်နေ့ မှ (၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ယခင် (၂၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေ ၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ဖြတ်သန်းကုန်စည်များလွယ်ကူချောမွေ့စေရေးဆိုင်ရာ အာဆီယံမူဘောင် သဘောတူညီချက်အကောင်အထည်ဖော်နိုင်ရေးအတွက် Protocol 2 နှင့် Protocol 7 လက်မှတ်ရေးထိုးထားသည့် အခြေအနေ၊ အာဆီယံ စည်းဝါးညီ အကောက်ခွန်နှုန်းအမည်ပေးစနစ် (၂၀၁၇) အခြေအနေများနှင့် အကောက်ခွန်ညှိနှိုင်းရေးကော်မတီ လက်အောက်တွင်ရှိသော အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းအဖွဲ့ ၊ အကောက်ခွန် ဥပဒေစိုးမိုးရေး နှင့် လိုက်နာဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ၊ အကောက်ခွန်စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်(၃)ဦး ၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၅) ဦး နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် (၂၀) ဦး ၊ စုစုပေါင်း (၂၈) ဦး တက်ရောက်ခဲ့ကြပါသည်။

# MACCS စနစ် စတင်အသုံးပြုခြင်း အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း



၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ(၁၂) ရက်နေ့ နံနက် (၀၈း၃၀) အချိန်တွင် အကောက်ခွန်ဦးစီးဌာန ၊ MACCS ဌာနခွဲ၌ အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS စနစ် စတင်အသုံးပြုခြင်း အထိမ်းအမှတ် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ System Server အား ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် နှင့် ဂျပန် အကောက်ခွန်မှ တာဝန်ရှိသူများက စနစ်စတင်အသုံးပြုခြင်း အထိမ်းအမှတ် အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

ကုန်သွယ်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက်မှန်ကန်မြန်ဆန်စေရေးအတွက် MACCS စနစ်စတင် အသုံးပြုချိန်မှစ၍ သွင်းကုန်ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းကို Onlineစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

# အတုအပပစ္စည်းများနှင့် မူပိုင်ခွင့်ကိစ္စရပ်များ ဆရာဖြစ်သင်တန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း




ကမ္ဘာ့အကောက်ခွန်အဖွဲ့ကြီးမှ ကြီးမှူးကျင်းပသည့် အာရှ-ပစိဖိတ်ဒေသအတွင်း အတုအပ ပစ္စည်းများနှင့် မူပိုင်ခွင့်ကိစ္စရပ်များ ဆရာဖြစ်သင်တန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ (၁၅) ရက်နေ့ မှ (၁၇)ရက်နေ့ အထိ ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့ ၊ Holiday Inn ၌ ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်မင်းဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ WCO Tools ဖြစ်သော IPM နှင့် CEN comm တို့ကို အသုံးပြု၍ သတင်းအချက်အလက်နှင့် အသိပညာဖလှယ်ရန်၊ အဖွဲ့ဝင်အချင်းချင်း ချိတ်ဆက် ဆက်သွယ်မှုတိုးတက်စေရန် ၊ အတုအပပစ္စည်းနှင့် မူပိုင်ခွင့်ချိုးဖောက်ခြင်းဆိုင်ရာကိစ္စရပ်များအား ရင်ဆိုင်ဖြေရှင်းရန်အတွက် အကောင်းဆုံးသောလုပ်ထုံးလုပ်နည်းများ ၊ အတွေ့အကြုံများ ၊ နည်းလမ်းများ အားမျှဝေပေးရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

# အခွင့်ရစီးပွားရေးလုပ်ဆောင်သူများ နှင့် နောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ အရာရှိများအတွက် စာရင်းစစ်သင်တန်း ကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ(၂၁) ရက်နေ့ (၀၉:၀၀) အချိန်တွင် ADB မှ ကြီးမှူးကျင်းပပြုလုပ်သော အခွင့်ရစီးပွားရေးလုပ်ဆောင်သူများ နှင့် နောင်းစာရင်း စစ်ဆေးခြင်းဆိုင်ရာအရာရှိများအတွက် စာရင်းစစ်သင်တန်း (Accounts Consolidation Course for AEO/PCA Team) အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် သင်တန်းသား/သင်တန်းသူ (၁၅) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၂) ပတ်ကြာမြင့်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၁၁.၄၈၃) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ရေဆိပ် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိဘဲတင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျက် ရှိရာနိုဝင်ဘာလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၇၉) မှု ဖြစ်ပြီး ခန့်မှန်း တန်ဖိုးမှာ ကျပ် (၄၁၁.၄၈၃)သန်းခန့် ဖြစ်ပါသည်။

## ရန်ကုန်လေဆိပ်ကုန်လှောင်ရုံ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံတားဆီးမှုအနေဖြင့် တားဆီးမှု (၈) ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၄၇) သန်းခန့်ရှိသည့်အနက် (၂၂-၁၁-၂၀၁၆) ရက်နေ့တွင် Daewoo Amara Co., Ltd မှ တင်သွင်းလာသော Stainless Steel Pipe (K Type) (5)Kgs, (5580) Kgs, C/O KR အားဖွင့်ဖောက် စစ်ဆေးရာ ID တွင်ကြေညာထားခြင်းမရှိသော GI Pipe (5580) Kgs ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၂၈.၆) သန်းခန့် အား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၄၁၁.၄၈၃) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၀၅.၆၇၃) သန်းခန့် ရှိသည့်အနက် (၂၂-၁၁-၂၀၁၆) ရက်နေ့၌ TWP Company Limited မှ တင်သွင်းလာသော Ceramic Tiles (Multiple Size) 75 Pallets (3 × 20') အား စစ်ဆေးခဲ့ရာတွင် ID တွင်ကြေညာထားခြင်း မရှိသော Porcelain Tiles (Mulitple Size) (2700.36)$M^2$၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၂.၄၀၄) သန်းခန့် အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၄၁၁.၄၈၃) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးမှု (၆၃) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် (၂၅၈.၈၁၀) သန်းခန့် ရှိသည့်အနက် (၁၆-၁၁-၂၀၁၆) ရက်နေ့တွင် မူဆယ် မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ယာဉ်အမှတ် (1D/5405) ယာဉ်အား (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန် ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုအောင် ဦးစီးသောစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ Chewing Gun (200 Pkgs) , Cookies (1x20) (40 Pgks), Jelly (20x24) (50 Pkgs),Wafer (1x50) (70 Pkgs), “AoAo” Candy (1x15)(60 Pkgs), “Red Bull” Candy (1x52)(80 Pkgs), Other Brand Candy (200 Pkgs) စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀.၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၁၁.၄၈၃) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် (၁၇-၁၁-၂၀၁၆) ရက်နေ့တွင် မူဆယ် မှ မန္တလေးမြို့ သို့ ဝင်ရောက်လာသော ယာဉ်အမှတ် (6B/4300) ယာဉ်အား တာဝန်ကျ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုအောင် ဦးစီးသော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ဦးကျော်မင်းနိုင် ၏ ခရီးဆောင်လက်ဆွဲ ပီနံအိတ်အတွင်းမှ တဘက်စောင်နှင့်ရောနှောထားသည့် ရောင်စုံပလပ်စတစ်ဆပ်ပြာခွက် (၁၈) ခွက် အတွင်းမှ ပလပ်စတစ်အကြည်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ (၁၂) ဂရမ် ခန့်စီပါ (၁၈) ထုပ် စုစုပေါင်းအလေးချိန် (၂၁၆) ဂရမ်ခန့် ၊အမဲရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်လျက် "88" နှင့် "I" စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀) ပြားပါ (၂) ထုပ် ၊ (၁၇၀) ပြားပါ (၁) ထုပ် ၊ စုစုပေါင်း (၅၇၀) ပြား အလေးချိန် (၅၇)ဂရမ် ၊ခန့်မှန်းတန်ဖိုး ကျပ် (၁၇.၉၇) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အတွက် တင်ဒါခေါ်ယူခြင်း



ရန်ကုန်တိုင်းဒေသကြီး ၊ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ရုံးတွင်းလမ်းများကွန်ကရစ်ခင်းခြင်း လုပ်ငန်းအတွက် တင်ဒါတင်သွင်းရန် ကုမ္ပဏီ(၈)ခုအား (၂၀-၁၁-၂၀၁၆) ရက်နေ့ (၁၀း၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော တင်ဒါ ကြီးကြပ်ရေးအဖွဲ့မှ တင်ဒါခေါ်ယူခဲ့ရာ Global Green Future Engineering & Construction Co., Ltd မှ ငွေကျပ် (၉၃.၉၆၉) သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပါသည်။

# ဖမ်းဆီးရမိအများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော စားသောက်ကုန် နှင့် လူသုံးကုန် ပစ္စည်းများအား ဖျက်ဆီးခြင်း



မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန်နှင့်သုံးစွဲရန် မသင့်သော စားသောက်ကုန် နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃.၅၁) သန်းခန့်အား (၂၉-၁၁-၂၀၁၆) ရက်နေ့ (၁၂း၃၀) အချိန်တွင် မန္တလေးတိုင်းဒေသကြီးအကောက်ခွန် ဦးစီးဌာနမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲ အဆင့်ရောက်ပစ္စည်းများအား (၂၉-၁၁-၂၀၁၆) ရက်နေ့ ၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သောလေလံ တင်ရောင်းချရေးအဖွဲ့ဖြင့် လေလံအုပ်စု (၃) စု အားလေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၅၀.၂) သန်း ရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း



တာချီလိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့်ရောက် ပစ္စည်းများအား (၂၃-၁၁-၂၀၁၆) ရက်နေ့ ၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် လေလံအုပ်စု တစ်စုအား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ်(၁၀.၇၇)သိန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ




Safety deposit Box / Safety Box (မီးခံသေတ္တာ) များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8303.00.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Dragon Fruit (နဂါးမောက်သီး) များတင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် HS Code မှာ 0810.90.92 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Dog Food , Cat Food များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Dog Food , Cat Food (Containing Meat) ၏ HS Code မှာ 2309.10.10 ၊ Dog Food , Cat Food (Other) ၏ HS Code 2309.10.90 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Marble များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Marble Stone ၏ HS Code မှာ 2515.11.00 ၊ Marble Tile ၏ HS Code မှာ 6802.21.00 ၊ Marble Other ၏ HS Code မှာ 6802.91.10 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ



Granite များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rateအားမေးမြန်းရာ Granite Stone ၏ HS Code မှာ 2516.11.00 Granite Tile ၏ HS Code မှာ 6802.10.00 ၊ Granite Other ၏ HS Code မှာ 6802.93.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။




Green Veneer Tape များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4804.31.30 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။




Prime Mover ၏ HS Code နှင့် Duty Rate အားမေးမြန်းခဲ့ရာ HS Code မှာ 8704.22.59 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




Candy (သကြားလုံး) များ တင်ပို့လိုပါသဖြင့်လိုင်စင်နှင့် Food and Drug Administration (FDA)ထောက်ခံချက်လို/မလို အားမေးမြန်းခဲ့ရာ လိုင်စင်နှင့် Food and Drug Administration (FDA) ထောက်ခံချက်လိုအပ်ကြောင်းပြန်လည်ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ

သင်ကြားရေးအထောက်အကူအဖြစ် အသုံးပြုမည့်Skeleton (Plastic) နှင့် Skull Bone (Plastic)များတင်သွင်း လိုပါသဖြင့် လိုင်စင် လို/မလို နှင့် HS Code အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 9023.00.00 ဖြစ်ပြီး အကောက်ခွန် 5%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။





Sequin များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Sequin Base Metal ၏ HS Code မှာ 8308.90.90 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ Sequin Plastic ၏ HS Code မှာ 3926.20.90 အကောက်ခွန် 20% ၊ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန်2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

Cloth Ribbon များ တင်သွင်းလိုပါ သဖြင့် HS Code နှင့် Duty Rate အားမေးမြန်း ရာ HS Code မှာ 5806.31.90 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။





Mode Digital Multimeters များ တင်သွင်းလိုပါ သဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Multimeters without a recording device ၏ HS Code မှာ 9030.31.00 ၊ Multimeters with a recording device ၏ HS Code မှာ 9030.32.00 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန်5%နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။